# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့။

စက်တင်ဘာလ (၁၆) ရက်နေ့ နံနက်(၈း၃၀) ခန့်တွင် ဒီးမော့ဆိုမြို့နယ် (၆) မိုင်ကျေးရွာအနီး တောင်ပေါ်တွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီများကို ကရင်နီတပ်မတော် (KA)၊ KNDF တို့မှတိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များဘက်မှ (၄) ဦးခန့် ထိခိုက်ကျဆုံးခဲ့ပါသည်။

စက်တင်ဘာလ (၁၅) ရက်တွင်လည်း၊ ဒီးမော့ဆိုမြို့နယ်၊ ထွီလွီးဘီလာ ကျေးရွာအနီး ခြေရာတော် တောင်ပေါ်တွင်တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA)၊ KNDF တပ်ဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ ယနေ့ မနက်ပိုင်းတွင်လည်း ခြေရာတော်တောင်ပေါ်တွင် တပ်စွဲထားသော အကြမ်းဖက် စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့် တဖက်သတ်ပစ်ခတ်မှုများရှိခဲ့ပါသည်။

ပြည်သူများအနေဖြင့် တိုက်ပွဲဖြစ်ပွားရာ ဒီးမော့ဆိုမြို့နယ်၊ ဒေါ်ပိုးစီနှင့် စံပြ (၆) မိုင်ကျေးရွာတို့မှ ဖရူဆိုမြို့နယ် ကဒါးလားကျေးရွာ အထိ၊ လွိုင်ကော်- ဒီမောဆို-ဖရူဆို လမ်းတစ်လျှောက် ညနေ (၆း၀၀) နာရီမှ နံနက် (၆း၀၀) နာရီအထိ ခရီးသွားလာခြင်းမပြုရန် အသိပေးထုတ်ပြန်အပ်ပါသည်။

KNDF သတင်းနှင့် ပြန်ကြားရေးဌာန